Vol.2 (2), January 2022


Source: http://www.fabiovisentin.com/photos/world/4_81/sunflower-field.ashx

# စိုက်ပျိုးရေး ဈေးကွက်သတင်းလွှာ

## (Agriculture Market Bulletin)

## Market Information System

*စိုက်ပျိုးရေးဦးစီးဌာန*

"တိကျမြန်ဆန် ဈေးကွက်သတင်းမှန် တောင်သူများအတွက် ဖြန့်ဝေရန် စိတ်ချအားထား ဈေးနှုန်းများ တောင်သူများအား ဖြန့်ဝေသွား"

31st January, 2022

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(www.doa.gov.mm/mis/, doamisppme@gmail.com, + ၉၅ ၆၇ ၃၄၁၀၅၃၈)

## ပါဝင်သောအကြောင်းအရာများ

❖ ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ
- ➢ နံ့စားသီးနှံ
- ➢ ဆီထွက်သီးနှံ
- ➢ ပဲမျိုးစုံ
- ➢ စက်မှုကုန်ကြမ်းသီးနှံ
- ➢ စားဖိုဆောင်သီးနှံ
- ➢ မြန်မာ့ပဲမျိုးစုံတင်ပို့မှု
- ➢ အသား/ငါးနှင့်ဥအမျိုးမျိုး

❖ ပြည်တွင်းပြည်ပဈေးကွက်နှင့် လယ်ယာသတင်းအချက်အလက်များ

### ဈေးကွက်သတင်းအချက်အလက်များ

- ❖ စပါးဈေးနှုန်းများ သိသာစွာပြောင်းလဲမှုမရှိခြင်း
- ❖ နှမ်းနက်ဈေးနှုန်းမြင့်တက်လာသော်လည်း မြေပဲနှင့် နေကြာဈေးနှုန်းများ ပြောင်းလဲမှုမရှိခြင်း
- ❖ ပဲတီစိမ်းနှင့် မတ်ပဲတို့၏ ဈေးနှုန်းများ အနည်းငယ် ပြောင်းလဲမှုရှိနေခြင်း
- ❖ ပဲစင်းငုံဈေးနှုန်း မြင့်တက်လာခြင်း
- ❖ ချက်ကြံတစ်တန်ဈေးနှုန်းနှင့် ရော်ဘာတစ်ပေါင်ဈေးနှုန်း ဖြစ်ပေါ်မှုအခြေအနေ
- ❖ ကြက်သွန်နီဈေးနှုန်း အနည်းငယ်မြင့်တက်လာပြီး ကြက်သွန်ဖြူဈေးနှုန်း တည်ငြိမ်နေခြင်း
- ❖ ခရမ်းချဉ်နှင့် ငရုတ်ဈေးနှုန်းများ အတက်အကျရှိနေခြင်း
- ❖ မွေးမြူရေးဆိုင်ရာ အသားနှင့်ဥအမျိုးမျိုးနှင့် ငါး/ ပုဇွန်/ ဂဏန်းအမျိုးမျိုးတို့၏ ဈေးနှုန်းဖြစ်ပေါ်မှုအခြေအနေ

စာမျက်နှာ ၂ မှ ၄

### စိုက်ပျိုးရေးဆိုင်ရာနိုင်ငံတကာသတင်းများ

### ပြည်တွင်းပြည်ပလယ်ယာသတင်းများ

- တိရိစ္ဆာန်အစာစိမ်းများ တစ်နှစ်ပတ်လုံး စိုက်ပျိုး ထုတ်လုပ်မှုနည်းလမ်းများကို အိန္ဒိယပညာရှင်များမှ မျှဝေခြင်း
- အင်ဒိုနီးရှားအစိုးရသည် စားအုန်းဆီတင်ပို့ခြင်းကို ကန့်သတ်ရန် အစီအစဉ်ရေးဆွဲနေခြင်း
- တရုတ်နိုင်ငံသည် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (RCEP)ဖြင့် Orahလိမ္မော်သီး ကီလိုဂရမ်(၁.၅)သန်းကို ဒူဘိုင်းသို့ တင်ပို့မည်ဖြစ်ကြောင်း
- အိန္ဒိယနိုင်ငံတွင် ခတ်မြေဩဇာ ပြတ်လပ်နေသော်လည်း တိရိစ္ဆာန်အစာအားအခက်အခဲမရှိစိုက်ပျိုးသည့် တောင်သူများ
- ပိုလန်နိုင်ငံမှ မုန်ညှင်းဖြူထုပ်ဝယ်လိုအား မြင့်တက်နေခြင်း
- တရုတ်နိုင်ငံမှ ဝယ်လိုအားကြောင့် မြန်မာ့ငရုတ်သီးခြောက်တစ်ပိဿာလျှင် ကျပ်(၈,၀၀၀)အထိ ဈေးရရှိလာခြင်း
- မြန်မာနိုင်ငံသည် ယခုကော်ဖီရာသီတွင် ကော်ဖီတန်ချိန်(၄၅၀)မှ (၅၀၀)အထိ တင်ပို့မည်ဖြစ်ကြောင်း
- မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့တင်ပို့သည့် ဈေးကွက်တွင် ဖရဲသီးဈေးနှုန်းများ ထပ်မံကျဆင်းနေခြင်း
- မြန်မာနိုင်ငံ၌ ယခုနှစ်တွင် ဂေါ်ဖီထုပ်စိုက်ပျိုးသူများ အကျိုးအမြတ်များစွာရရှိခြင်း

စာမျက်နှာ ၅ မှ ၇

- ♣ မြန်မာ့ပဲမျိုးစုံ တင်ပို့မှုအခြေအနေ
- ♣ ဆန်နှင့် စားသုံးဆီဈေးနှုန်းများ
- ♣ စိုက်ပျိုးရေးသွင်းအားစုဈေးနှုန်းများ

စာမျက်နှာ ၈ မှ ၈

# ဈေးကွက်သတင်း အချက်အလက်များ

## နံ့စားသီးနှံ







### • ပေါ်ဆန်းမွှေးနှင့် မနောသုခစပါး

- ဇန်နဝါရီဒုတိယ(၁၅)ရက်အတွင်း ပေါ်ဆန်းစပါး ဈေးနှုန်းမှာ မန္တလေးဈေးကွက်၌ တစ်တင်းလျှင် (၁၃၀၀၀) ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးဖြစ်နေပါသည်။ ဇန်နဝါရီပထမ(၁၅)ရက်နှင့် နှိုင်းယှဉ်ကြည့်လျှင် နေပြည်တော်၊ စစ်ကိုင်းနှင့် ဧရာဝတီဈေးကွက်တို့၌ တစ်တင်းလျှင် ၅၀၀ကျပ်မှ ၂၀၀၀ကျပ်(၅%မှ ၁၇%)ခန့်အတွင်း ဈေးနှုန်းကျဆင်းသွားသော်လည်း ဈေးကွက်အချို့၌ တစ်တင်းလျှင် ၅၀၀ ကျပ်မှ ၁၀၀၀ကျပ် (၄%မှ ၉%)ခန့် အတွင်း ဈေးနှုန်းမြင့်တက်ကာ ပဲခူး၊ ကရင်နှင့် ရခိုင်ပြည်နယ်ဈေးကွက်တို့၌ ဈေးနှုန်းပြောင်းလဲမှုမရှိခဲ့ပါ။
- ဇန်နဝါရီဒုတိယ(၁၅)ရက်အတွင်း မနောသုခစပါးဈေးနှုန်းမှာ ဇန်နဝါရီပထမ(၁၅)ရက်နှင့် နှိုင်းယှဉ်ပါက မကွေးနှင့် ကရင်ပြည်နယ်တို့၌ တစ်တင်းလျှင် ၅၀၀ ကျပ်(၇%)ခန့်ဈေးနှုန်းမြင့်တက်လျက်ရှိပြီး ကျန်ဈေးကွက်အများစုတွင် တစ်တင်းလျှင် ၁၀၀ကျပ်မှ ၂၅၀၀ ကျပ်(၃%မှ ၂၈%)ခန့်အတွင်း ဈေးနှုန်းကျဆင်းကာ မကွေးဈေးကွက်၌ တစ်တင်းလျှင် အမြင့်ဆုံး(၈၀၀၀) ကျပ်အထိ ရှိနေပါသည်။
- ဇန်နဝါရီဒုတိယ(၁၅)ရက်အတွင်း စပါးဈေးနှုန်းအခြေအနေမှာ ရိတ်သိမ်းမှုပြီးစီးသွားပြီဖြစ်သည့် မိုးစပါးများ ဈေးကွက်အတွင်း အဆက်မပြတ်ဝင်ရောက်လျက်ရှိသော်လည်း ဒေသတွင်းရောင်းဝယ်ဖောက်ကားမှုသာရှိနေပြီး အရောင်းအဝယ်နည်းပါးနေခြင်းကြောင့် ဈေးနှုန်းမှာ သိသိသာသာပြောင်းလဲမှု မရှိခြင်းဖြစ်ကြောင်း သိရှိရပါသည်။

### • အစေ့ထုတ်ပြောင်း




- အစေ့ထုတ်ပြောင်းမှာ ဇန်နဝါရီဒုတိယ(၁၅)ရက်အတွင်း နေပြည်တော်ဈေးကွက်၌ တစ်တင်းလျှင် (၁၆၀၀၀)ကျပ်ဖြင့် အမြင့်ဆုံးဖြစ်နေပါသည်။ ဇန်နဝါရီ ပထမ(၁၅)ရက်နှင့် နှိုင်းယှဉ်ကြည့်လျှင် ဈေးကွက်အတွင်း တစ်တင်းလျှင် ၁၀၀၀ကျပ်မှ ၂၅၀၀ကျပ် (၈%မှ ၂၆%)ခန့်အတွင်း ဈေးနှုန်းမြင့်တက်မှုရှိနေသကဲ့သို့ တစ်တင်းလျှင် ၅၀ ကျပ်မှ ၃၀၀၀ကျပ် (၀.၅%မှ ၂၀%)ခန့်အတွင်း ဈေးနှုန်းကျဆင်းမှုလည်း ရှိနေပါသည်။
- ဇန်နဝါရီဒုတိယ(၁၅)ရက်အတွင်း အစေ့ထုတ်ပြောင်းဈေးနှုန်းအခြေအနေမှာ တရုတ်သို့တင်ပို့မှုနှင့် ထိုင်းနိုင်ငံသို့ တင်ပို့မှုများရှိနေခြင်းကြောင့် ဈေးနှုန်းမှာ အနည်းငယ်ပြောင်းလဲမှုရှိနေခြင်းဖြစ်ကြောင်း သိရှိရပါသည်။

# ဆီထွက်သီးနှံဈေးနှုန်းများ

## မြေပဲ၊ နှမ်း၊ နေကြာ

- မြေပဲ(အတောင့်)ဈေးနှုန်းမှာ ဇန်နဝါရီလဒုတိယ(၁၅)ရက်အတွင်း ရခိုင်ဈေးကွက်၌တစ်တင်းလျှင် (၂၂၀၀၀) ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးဖြစ်နေပြီး ဇန်နဝါရီလပထမ(၁၅)ရက်နှင့် နှိုင်းယှဉ်ပါက နေပြည်တော်နှင့် မန္တလေးဈေးကွက်တို့၌ တစ်တင်းလျှင် ၁၀၀၀ ကျပ်(၇%)နှင့် ၄၀၀၀ကျပ်(၂၅%)ခန့် အသီးသီးဈေးနှုန်း ကျဆင်းခဲ့ပြီး ကချင်ပြည်နယ်၌သာ တစ်တင်းလျှင် ၄၀၀၀ကျပ်(၂၇%)ခန့်ဈေးနှုန်းမြင့်တက်ကာ ကျန်ဈေးကွက်များ၌ ဈေးနှုန်းတည်ငြိမ်နေပါသည်။
- ဇန်နဝါရီလဒုတိယ(၁၅)ရက်အတွင်း မြေပဲဈေးနှုန်းမှာ ပြည်တွင်းမြေပဲဆီအသုံးပြုမှုအတွက် ပြည်တွင်းဆီစက်များမှ အဆက်မပြတ်ဝယ်ယူလျက်ရှိခြင်းကြောင့် မြေပဲအရောင်းအဝယ်ကောင်းနေသော်လည်း ဈေးနှုန်းမြင့်တက်လာခြင်းမရှိသေးကြောင်း သိရှိရပါသည်။
- ဇန်နဝါရီလဒုတိယ(၁၅)ရက်အတွင်း နှမ်းနက်ဈေးနှုန်းမှာ ရခိုင်ဈေးကွက်၌ တစ်တင်းလျှင် (၇၆၀၀၀) ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးဖြစ်နေပြီး ဇန်နဝါရီလပထမ(၁၅)ရက်နှင့်နှိုင်းယှဉ်ပါက အချို့ဈေးကွက်များတွင် တစ်တင်းလျှင် ၂၀၀၀ကျပ်မှ ၈၅၀၀ကျပ်(၃%မှ ၁၀%)ခန့်အတွင်း ဈေးနှုန်းကျဆင်းနေပြီး အချို့ဈေးကွက်များတွင် တစ်တင်းလျှင် ၁၅၀၀ကျပ်မှ ၃၁၀၀၀ ကျပ်(၃%မှ ၆၈%)ခန့်အတွင်း ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။
- နေကြာဈေးနှုန်းမှာ ဇန်နဝါရီဒုတိယ(၁၅)ရက်အတွင်း မွန်ပြည်နယ်၌ တစ်တင်းလျှင်(၃၃၀၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးရှိနေပါသည်။ ဇန်နဝါရီပထမ(၁၅)ရက် ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက အချို့ဈေးကွက်၌ တစ်တင်းလျှင် (၅%မှ ၃၈%)ခန့်အတွင်း ဈေးနှုန်းကျဆင်းပြီး နေပြည်တော်နှင့် မန္တလေးဈေးကွက်တို့၌ တစ်တင်းလျှင်(၅၀%)ခန့်ဈေးနှုန်းမြင့်တက်ကာ အချို့ဈေးကွက်များတွင် ဈေးနှုန်းပြောင်းလဲမှုမရှိခဲ့ပါ။




| ဈေးကွက်အမည် | မြေပဲ(အတောင့်)ဈေးနှုန်း (ကျပ်/တင်း) | | |
|---|---|---|---|
| | ဇန်နဝါရီပထမ (၁၅)ရက် | ဇန်နဝါရီဒုတိယ (၁၅)ရက် | ခြားနားချက်(%) |
| နေပြည်တော် | ၁၆၀၀၀ | ၁၂၀၀၀ | (-)၂၅.၀၀ |
| ရန်ကုန် | ၁၇၆၀၀ | ၁၇၆၀၀ | ၀.၀၀ |
| မန္တလေး | ၁၄၀၀၀ | ၁၃၀၀၀ | (-)၇.၁၄ |
| မကွေး | ၁၂၀၀၀ | ၁၂၀၀၀ | ၀.၀၀ |
| ပဲခူး | ၁၅၀၀၀ | ၁၅၀၀၀ | ၀.၀၀ |
| စစ်ကိုင်း | ၁၅၀၀၀ | ၁၅၀၀၀ | ၀.၀၀ |
| ကချင် | ၁၅၀၀၀ | ၁၉၀၀၀ | (+)၂၆.၆၇ |
| ကယား | ၁၁၅၀၀ | ၁၁၅၀၀ | ၀.၀၀ |
| ကရင် | ၁၃၀၀၀ | ၁၃၀၀၀ | ၀.၀၀ |
| ရခိုင် | ၂၂၀၀၀ | ၂၂၀၀၀ | ၀.၀၀ |
| ရှမ်း | ၁၃၅၀၀ | ၁၃၅၀၀ | ၀.၀၀ |



# ပဲမျိုးစုံ ဈေးကွက်

## ပဲတီစိမ်း




## မတ်ပဲ

| ဈေးကွက်အမည် | မတ်ပဲဈေးနှုန်း (ကျပ်/တင်း) | | |
|---|---|---|---|
| | ဇန်နဝါရီ (၁၅)ရက် | ဇန်နဝါရီ (၃၁)ရက် | ခြားနားချက်(%) |
| နေပြည်တော် | ၅၀၀၀၀ | ၄၇၀၀၀ | (-)၆.၀၀ |
| ရန်ကုန် | ၅၅၀၀၀ | ၅၅၀၀၀ | ၀.၀၀ |
| မန္တလေး | ၄၁၂၀၀ | ၄၅၀၀၀ | (+)၉.၂၂ |
| မကွေး | ၃၉၈၀၀ | ၄၄၀၀၀ | (+)၁၀.၅၅ |
| ရောဝတီ | ၃၅၀၀၀ | ၄၁၀၀၀ | (+)၁၇.၁၄ |
| ပဲခူး | ၄၃၀၀၀ | ၄၃၀၀၀ | ၀.၀၀ |
| စစ်ကိုင်း | ၄၆၀၀၀ | ၄၃၅၀၀ | (-) ၅.၄၃ |
| ကချင် | ၅၀၀၀၀ | ၄၃၀၀၀ | (-)၁၄.၀၀ |
| ကရင် | ၃၅၀၀၀ | ၃၂၀၀၀ | (-)၈.၆၀ |
| မွန် | ၄၁၅၀၀ | ၄၅၈၀၀ | (+)၁၀.၃၆ |
| ရခိုင် | ၄၅၀၀၀ | ၄၅၀၀၀ | ၀.၀၀ |

### ပဲတီစိမ်းနှင့်မတ်ပဲ

- ဇန်နဝါရီဒုတိယ(၁၅)ရက်အတွင်း ပဲတီစိမ်းဈေးနှုန်းမှာရန်ကုန်ဈေးကွက်၌ တစ်တင်းလျှင်(၅၅၀၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးဖြစ်နေပြီး ဇန်နဝါရီလပထမ(၁၅)ရက်နှင့်နှိုင်းယှဉ်ကြည့်လျှင် အချို့ဈေးကွက်များ၌ တစ်တင်းလျှင် ၁၀၀၀ကျပ်မှ ၅၀၀၀ကျပ်(၃%မှ ၁၄%)ခန့်အတွင်း ဈေးနှုန်းမြင့်တက်ခဲ့ပြီး ဈေးကွက်အချို့၌ တစ်တင်းလျှင် ၂၀၀၀ကျပ်မှ ၇၅၀၀ကျပ်(၄%မှ ၁၆%)ခန့်အတွင်း ဈေးနှုန်းကျဆင်းလျက်ရှိပါသည်။
- ဇန်နဝါရီဒုတိယ(၁၅)ရက်အတွင်း မတ်ပဲဈေးနှုန်းအားဇန်နဝါရီပထမ(၁၅)ရက်နှင့်နှိုင်းယှဉ်ပါက အချို့ဈေးကွက်များ၌ တစ်တင်းလျှင် ၃၈၀၀ကျပ်မှ ၆၀၀၀ကျပ်(၉%မှ ၁၇%)ခန့်အတွင်း ဈေးနှုန်းမြင့်တက်ခဲ့ပြီး ဈေးကွက်အချို့၌တစ်တင်းလျှင် ၂၅၀၀ကျပ်မှ ၇၀၀၀ကျပ်(၅% မှ ၂၂%)ခန့်အတွင်း ဈေးနှုန်းကျဆင်းလျက်ရှိပါသည်။
- ဇန်နဝါရီလဒုတိယ(၁၅)ရက်အတွင်း ပဲဈေးနှုန်းများမှာ ၂၀၂၂ခုနှစ် မတ်လအထိ ပြည်ပတင်ပို့မှုရှိနေခြင်းကြောင့်ဝယ်ယူသိုလှောင်မှုများရှိနေခြင်း၊ ယခုကာလအတွင်း ဒေါ်လာဈေးနှုန်း မတည်ငြိမ်မှုကြောင့် ပဲကုန်သည်များ ငွေကြေးလည်ပတ်နိုင်မှု အနည်းငယ်ထိခိုက်ခြင်း၊ဈေးနှုန်းမသေချာမည်စိုး၍ လက်ရှိပဲဈေးနှုန်းဖြင့်ပင် ဈေးကွက်အတွင်းသို့ ထုတ်ရောင်းချမှုများရှိနေခြင်းတို့ကြောင့် ပဲဈေးနှုန်းမှာ ဈေးကွက်အတွင်း အနည်းငယ်ပြောင်းလဲမှုဖြစ်ပေါ်နေကြောင်း သိရှိရပါသည်။

## ပဲစင်းငုံ




- ပဲစဉ်းငုံဈေးနှုန်းမှာ ဇန်နဝါရီဒုတိယ(၁၅)ရက်အတွင်း တနင်္သာရီဈေးကွက်၌ တစ်တင်းလျှင် (၄၃၀၀၀) ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးဖြစ်နေပြီး ဇန်နဝါရီပထမ(၁၅)ရက်နှင့်နှိုင်းယှဉ်ပါက မန္တလေးဈေးကွက်မှလွဲ၍ ကျန်ဈေးကွက်အားလုံး၌ တစ်တင်းလျှင် ၅၀၀ကျပ်မှ ၇၀၀၀ကျပ် (၂%မှ၂၂%)ခန့်အတွင်း ဈေးနှုန်းမြင့်တက်လျက်ရှိပါ သည်။
- ဇန်နဝါရီလဒုတိယ(၁၅)ရက်အတွင်း ပဲစဉ်းငုံဈေးနှုန်းအခြေအနေမှာ ဈေးကွက်အတွင်းသို့ ပဲစင်းငုံဝင်ရောက်မှုများလာသော်လည်း ပြည်ပသို့တင်ပို့မှုရှိနေခြင်းကြောင့် ဈေးနှုန်းကျဆင်းသွားခြင်းမရှိဘဲ အမြင့်ဈေးနှုန်းဖြင့်ပင် ရှိနေကြောင်း သိရှိရပါသည်။

# စက်မှုကုန်ကြမ်းသီးနှံ

## ချက်ကြဲ




- ဇန်နဝါရီဒုတိယ(၁၅)ရက်အတွင်း ချက်ကြဲဈေးနှုန်းမှာမန္တလေးတွင် တစ်တန်လျှင် (၆၂၀၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးရှိနေပြီး ကရင်ပြည်နယ်၌ (၄၂၀၀၀)ကျပ်ဖြင့် အနိမ့်ဆုံးဖြစ်နေကာ ကြိတ်တန်အတွက် ဈေးနှုန်းအနိမ့်ဆုံးနှင့် အမြင့်ဆုံးကွာခြားမှုမှာ (၂၀၀၀၀) ကျပ်ရှိနေပါသည်။
- ဇန်နဝါရီဒုတိယ(၁၅)ရက်အတွင်း ကြိတ်တန်ဈေးနှုန်းမှာ စစ်ကိုင်းတွင် ၂၀၀၀ ကျပ်ခန့် ကျဆင်းသွားပြီး နေပြည်တော်၊ ကချင်နှင့် ရခိုင်တို့တွင် ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ ကျန်ဒေသများတွင် ကြိတ်တန်ဈေးနှုန်းသည် ၁၀၀၀ကျပ်မှ ၁၃၀၀၀ကျပ်အထိ မြင့်တက်လျက်ရှိပါသည်။

## ရော်ဘာ




Source: Perennial Crops Division, DoA

- RSS-3 ရော်ဘာတစ်ပေါင်ဈေးနှုန်းသည် ဇန်နဝါရီဒုတိယ(၁၅)ရက်အတွင်း တနင်္သာရီဒေသ၌ (၉၉၈)ကျပ်မှ(၁၀၅၂)ကျပ်အတွင်း၊ ကရင်ပြည်နယ်၌ (၁၀၄၃)ကျပ်မှ (၁၀၇၇)ကျပ်အတွင်း၊ မွန်ပြည်နယ်၌ (၁၀၄၀)ကျပ်မှ (၁၀၉၁)ကျပ်အတွင်း အသီးသီး ဈေးနှုန်းဖြစ်ပေါ်နေပါသည်။ ရော်ဘာပင်အရွက်ကြွေကာလဖြစ်၍ ရော်ဘာလုပ်ငန်းရှင်အများစုမှာ အစေးခြစ်လုပ်ငန်းရပ်နားထားရာ ရော်ဘာထွက်ရှိမှုလျော့နည်းသွားသဖြင့် ဝယ်ယူသူများမှ ကုန်ကြမ်းရရှိနိုင်ရန်အမြင့်ဈေးပေးပြီးဝယ်ယူနေခြင်းကြောင့် ရော်ဘာဈေးနှုန်းမြင့်တက်နေခြင်းဖြစ်ကြောင်း သိရှိရပါသည်။

# စားဖိုဆောင်သီးနှံ

## ကြက်သွန်နီ




- ကြက်သွန်နီဈေးနှုန်းမှာ ဇန်နဝါရီဒုတိယ(၁၅)ရက်အတွင်း ရခိုင်ဈေးကွက်၌ တစ်ပိဿာလျှင် (၁၅၀၀)ကျပ်ဖြင့် ဈေးနှုန်းအများဆုံးရှိနေပြီး ဈေးကွက်အားလုံး၏ ပျမ်းမျှတစ်ပိဿာဈေးနှုန်းမှာ (၁၀၈၀)ကျပ်ရှိနေပါသည်။ ဇန်နဝါရီပထမ(၁၅)ရက်နှင့်နှိုင်းယှဉ်ပါက အချို့ဈေးကွက်များတွင် တစ်ပိဿာလျှင် ၁၀၀ကျပ်မှ ၄၀၀ကျပ်(၁၄%မှ ၅၀%)ခန့်ဈေးနှုန်းမြင့်တက်နေပြီး အချို့ဈေးကွက်၌ တစ်ပိဿာလျှင်

၂၀၀ကျပ်မှ ၇၀၀ကျပ်(၁၆%မှ ၁၆%)ခန့်အတွင်း ဈေးနှုန်းကျဆင်းကာအချို့ဈေးကွက်တွင် ဈေးနှုန်းပြောင်းလဲမှုမရှိပါ။

## ကြက်သွန်ဖြူ

| ဈေးကွက်အမည် | ကြက်သွန်ဖြူဈေးနှုန်း (ကျပ်/ပိဿာ) | | |
|---|---|---|---|
| | ဇန်နဝါရီ ပထမ (၁၅)ရက် | ဇန်နဝါရီ ဒုတိယ (၁၅)ရက် | ခြားနားချက် (%) |
| နေပြည်တော် | ၄၈၀၀ | ၄၀၀၀ | (-)၁၆.၆၇ |
| ရန်ကုန် | ၅၀၀၀ | ၅၀၀၀ | ၀.၀၀ |
| မန္တလေး | ၃၄၀၀ | ၃၆၀၀ | (+) ၅.၈၈ |
| မကွေး | ၃၅၀၀ | ၃၅၀၀ | ၀.၀၀ |
| ပဲခူး | ၃၂၀၀ | ၂၅၀၀ | (-)၂၁.၈၈ |
| ဧရာဝတီ | ၃၅၀၀ | ၃၅၀၀ | ၀.၀၀ |
| စစ်ကိုင်း | ၄၀၀၀ | ၄၀၀၀ | ၀.၀၀ |
| တနင်္သာရီ | ၅၅၀၀ | ၅၀၀၀ | (-) ၉.၀၉ |
| ကချင် | ၄၅၀၀ | ၅၀၀၀ | (+)၁၁.၁၁ |
| ကယား | ၃၅၀၀ | ၃၅၀၀ | ၀.၀၀ |
| ကရင် | ၅၀၀၀ | ၅၀၀၀ | ၀.၀၀ |
| မွန် | ၄၇၀၀ | ၃၉၀၀ | (-)၁၇.၀၂ |
| ရခိုင် | ၃၅၀၀ | ၇၀၀၀ | (+)၁၀၀.၀၀ |
| ရှမ်း | ၃၅၀၀ | ၃၂၀၀ | (-)၈.၅၇ |

○ ဇန်နဝါရီဒုတိယ(၁၅)ရက်အတွင်း ကြက်သွန်ဖြူဈေးနှုန်းမှာ ရခိုင်ဈေးကွက်၌ တစ်ပိဿာလျှင် (၇၀၀၀) ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးရှိနေပြီး ယခင်(၁၅)ရက်ထက် တစ်ပိဿာလျှင် ၃၅၀၀ကျပ်(၁၀၀%)ခန့် ဈေးနှုန်းအများဆုံးမြင့်တက်ခဲ့ပြီး ဈေးကွက်အချို့တွင် တစ်ပိဿာလျှင် ၈၀၀ကျပ်(၂၁%)ခန့် ဈေးနှုန်းအများဆုံးကျဆင်းကာ အချို့ဈေးကွက်များ၌ ဈေးငြိမ်လျက်ရှိနေပါသည်။

## ခရမ်းချဉ်




○ ခရမ်းချဉ်ဈေးနှုန်းမှာ ဇန်နဝါရီဒုတိယ(၁၅)ရက်အတွင်း ရှမ်း၊ ကရင်နှင့် တနင်္သာရီဈေးကွက်တို့၌ တစ်ပိဿာလျှင်(၃၅၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးရှိနေပြီး ဇန်နဝါရီပထမ(၁၅)ရက်နှင့်နှိုင်းယှဉ်ပါက အချို့ဈေးကွက်များတွင် တစ်ပိဿာလျှင် ၁၀၀ကျပ်မှ ၁၀၀၀ကျပ် (၄% မှ ၄၀%)ခန့်အတွင်း ဈေးနှုန်းမြင့်တက်နေပြီး ဈေးကွက်အများစုတွင် ၁၀၀ကျပ်မှ ၂၅၀၀ကျပ်(၇%မှ ၁၇%)ခန့်အတွင်း ဈေးနှုန်းကျဆင်းလျက်ရှိပါသည်။

## ငရုတ်(အစို)

○ ငရုတ်(အစို)ဈေးနှုန်းမှာ ဇန်နဝါရီဒုတိယ(၁၅)ရက်အတွင်း နေပြည်တော်ဈေးကွက်၌ တစ်ပိဿာလျှင် အများဆုံး(၆၀၀၀)ကျပ်ရှိနေပြီး ဇန်နဝါရီပထမ (၁၅) ရက်နှင့်နှိုင်းယှဉ်ပါက ကရင်ပြည်နယ်၌ တစ်ပိဿာလျှင် ၂၀၀၀ကျပ်(၈၀%)ခန့် ဈေးနှုန်းအများဆုံး မြင့်တက်ခဲ့ပြီး ရခိုင်ဈေးကွက်၌ တစ်ပိဿာလျှင် ၃၀၀၀ ကျပ်(၆၀%)ခန့် ဈေးနှုန်းအများဆုံးကျဆင်းလျက်ရှိပါသည်။




# အသား/ ငါးနှင့် ဥအမျိုးမျိုး

### ၂၀၂၂ခုနှစ် ဇန်နဝါရီလဒုတိယ(၁၅)ရက်အတွင်း ဈေးနှုန်းဖြစ်ပေါ်မှုအခြေအနေ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးကွက်ပေါက်ဈေး(ကျပ်/ယူနစ်) | | | |
|---|---|---|---|---|---|
| | | နေပြည်တော် | ရန်ကုန် | မန္တလေး | ရခိုင် |
| **ငါးအမျိုးမျိုး** | | | | | |
| ငါးသလောက် | ပိဿာ | ၁၂၀၀၀ | ၃၀၀၀၀ | ၂၂၀၀၀ | ၁၁၅၀၀ |
| ငါးကြင်း(ဖြူ) | ။ | ၈၀၀၀ | ၈၀၀၀ | ၉၀၀၀ | - |
| ငါးကြင်း(နီ) | ။ | ၇၀၀၀ | ၆၀၀၀ | ၃၀၀၀ | - |
| ငါးမြင်း | ။ | ၁၀၀၀၀ | - | - | - |
| ငါးတန် | ။ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၁၁၅၀၀ |
| ငါးခူ | ။ | ၁၀၀၀၀ | ၆၀၀၀ | ၈၀၀၀ | ၁၂၀၀၀ |
| ငါးကျည်း | ။ | ၁၀၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | - |
| ငါးရံ့ | ။ | ၁၀၀၀၀ | ၁၂၀၀၀ | - | ၇၀၀၀ |
| ကကတစ် | ။ | ၁၅၀၀၀ | ၁၂၀၀၀ | - | ၁၀၀၀၀ |
| တီလားပီးယား | ။ | ၅၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၅၀၀၀ |
| ပြည်ကြီးငါး | ။ | ၁၇၀၀၀ | ၁၈၀၀၀ | - | ၉၀၀၀ |
| ကင်းမွန် | ။ | ၁၅၀၀၀ | ၁၈၀၀၀ | - | ၈၅၀၀ |
| **ပုဇွန်အမျိုးမျိုး** | | | | | |
| ပုစွန်ထုပ်ကြီး | ။ | ၃၀၀၀၀ | ၃၅၀၀၀ | ၃၀၀၀၀ | ၃၅၀၀၀ |
| ပုစွန်ကျော့ | ။ | ၁၅၀၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၁၄၀၀၀ |
| ပုစွန်ဆိတ် | ။ | ၇၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၆၅၀၀ |
| **ကဏန်းအမျိုးမျိုး** | | | | | |
| ကဏန်းပျော့ | ။ | ၁၆၀၀၀ | - | ၁၀၀၀၀ | ၁၃၅၀၀ |
| ကဏန်းမာ | ။ | ၈၅၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၅၀၀၀ |
| **အသားအမျိုးမျိုး** | | | | | |
| ကြက်(စီပီ) | ပိဿာ | ၈၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၆၅၀၀ |
| ကြက်(ဒေသ) | ။ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ |
| ဘဲ | ။ | ၁၂၀၀၀ | ၉၀၀၀ | ၆၀၀၀ | ၁၄၀၀၀ |
| ဝက် | ။ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ |
| အမဲ | ။ | ၁၃၀၀၀ | ၁၅၀၀၀ | ၁၄၅၀၀ | ၁၈၀၀၀ |
| ဆိတ် | ။ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ |
| **ဥအမျိုးမျိုး** | | | | | |
| ကြက် | လုံး | ၁၅၀ | ၁၅၀ | ၁၂၀ | ၁၅၀ |
| ဘဲ | ။ | ၂၀၀ | ၂၀၀ | ၂၀၀ | ၁၅၀ |
| ငုံး | ။ | ၆၀ | ၃၀ | ၃၀ | ၅၀ |

Source: ငါးလုပ်ငန်းဦးစီးဌာနနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

# ပြည်တွင်း ပြည်ပ လယ်ယာသတင်းများ

## ပြည်ပသတင်းများ

### တိရိစ္ဆာန်အစာစိမ်းများ တစ်နှစ်ပတ်လုံး စိုက်ပျိုးထုတ်လုပ်မှုနည်းလမ်းများကို အိန္ဒိယပညာရှင်များမှ မျှဝေခြင်း

- တိရစ္ဆာန်အစာစိမ်းသည် တိရစ္ဆာန်များကျန်းမာရေးအတွက်အဓိကကျပြီး ၎င်းတို့ထုတ်လုပ်မှုသည် နို့ထွက်ပစ္စည်းလုပ်ငန်းအတွက် အရေးပါပြီး နို့စားတိရစ္ဆာန်များသည် ၎င်းတို့၏ခန္ဓာကိုယ်ကို ပြုပြင်ထိန်းသိမ်းရန်နှင့် အကောင်းဆုံး စွမ်းဆောင်ရည်အတွက် အစာများမှ စွမ်းအင်၊ ပရိုတင်း၊ အမျှင်ဓာတ်၊ သတ္တုဓာတ်၊ ဗီတာမင်နှင့် ရေတို့ကိုရရှိသောကြောင့် တစ်နှစ်ပတ်လုံး အစာထုတ်လုပ်ရန် လိုအပ်လာကြောင်း၊
- အစာစိမ်းကျွေးခြင်းသည် တိရစ္ဆာန်များကို ကျန်းမာစေပြီး အနည်းလိုအာဟာရဓာတ်ချို့တဲ့မှုကို လျှော့ချပေးသည့်အပြင်နို့ထွက်နှုန်းကိုလည်း တိုးစေကြောင်း၊
- တိရစ္ဆာန်အစာစိမ်း တစ်မျိုးတည်းကျွေးခြင်းသည် စုစုပေါင်းနို့ထုတ်လုပ်မှုကုန်ကျစရိတ်၏ (၆၀-၇၀)ရာခိုင်နှုန်းရှိသောကြောင့် ဈေးသက်သာသောအရင်းအမြစ်များမှ အာဟာရပြည့်ဝသောအစာများရရှိနိုင်မှုသည် အရေးကြီးကြောင်း၊
- ထို့ကြောင့်နို့ထွက်တိရစ္ဆာန်များကို ကုန်ကျစရိတ်များသည့်အဆင့်မြင့်အဟာရများအပါအဝင် တိရစ္ဆာန်စာကျွေးမွေးမည့်အစား တိရစ္ဆာန်အစာစိမ်း အလုံအလောက်ကျွေးမွေးခြင်းဖြင့် နို့ထုတ်လုပ်မှု ကုန်ကျစရိတ်ကို သိသာစွာလျှော့ချနိုင်ကြောင်း၊
- ကျန်းမာကြီးထွားရန်နှင့် နို့ရည်ပေါပေါများများ ရရှိရန် တိရစ္ဆာန်တစ်ကောင်စီသည် တစ်ရက်လျှင် အစာစိမ်း (၄၀-၅၀)ကီလိုဂရမ် လိုအပ်ကြောင်း၊
- ပိုလျှံသည့်တိရစ္ဆာန်အစာစိမ်းများကို အထွက်နှုန်းနည်းသည့်ကာလတွင် အသုံးပြုရန် ချဉ်ဖတ်(သို့မဟုတ်) ကောက်ရိုး/မြက်ခြောက်အဖြစ် ထိန်းသိမ်းထားနိုင်ပါ ကြောင်း၊

**တောင်သူများ ကျင့်သုံးနိုင်သော နည်းစနစ်များ**

**နှစ်ရှည်အစာ**

- Napier မြက်သည် နှစ်ရှည်ခံအစာဖြစ်ပြီး စိုက်ပြီးသည်နှင့် သီးနှံသည် ၂ နှစ်မှ ၃ နှစ်အထိ အစာ အဖြစ်ထုတ်လုပ်နိုင်ပြီး အမြစ်ဖြတ်ခြင်း (သို့) ပင်စည်ဖြတ်တောက်ခြင်းဖြင့် ပင်ပိုင်းမျိုးပွားနိုင်ကြောင်း၊ အိန္ဒိယနိုင်ငံတွင် မတ်လမှနိုဝင်ဘာလအတွင်း အများဆုံးထွက်ရှိပြီး ဆောင်းရာသီတွင် အထွက်နည်းကြောင်း၊
- ဆောင်းရာသီတွင် အစာစိမ်းရရှိရန် oats (သို့) senji(Indian sweet clover)ကို မျိုးစေ့ချနိုင်ပြီး မတ်လတွင် စိုက်ပျိုးထားသော သီးနှံများကို မေလ

တွင် စတင်ကျွေးမွေးမည်ဖြစ်ပြီး မေလမှ ဇွန်လအထိ အစာ ရရှိနိုင်ကြောင်း၊

**Single-cut (တကြိမ်တည်းဖြတ်သီးနှံ) တိရိစ္ဆာန်စာသီးနှံစိုက်ပျိုးခြင်း**

- ပြောင်း၊ နှံစားပြောင်း၊ ကုလားဆတ်၊ guara၊ ပဲ လွမ်း၊ Indian sweet cloverနှင့် oats တို့သည် single-cut cropsများဖြစ်ကြပြီး ၎င်းတို့ကို စိုက်ပျိုးခြင်းဖြင့် တစ်နှစ်ပတ်လုံးအစာရရှိနိုင်ကြောင်း၊

**သီးလှည့်စိုက်ပျိုးခြင်း**

- ပန်ဂျပ်ပြည်နယ်တွင် ဂျုံ-ဆန်သည် သီးလှည့်စိုက်နည်းစနစ်တစ်ခုဖြစ်ပါကြောင်း၊ ဂျုံရိတ်သိမ်းပြီးနောက် စပါးမစိုက်မီ (၄၅-၅၀)ရက်ကွာဟမှုရှိပြီး ထိုကာလတွင် တိရစ္ဆာန်စာသီးနှံများ စိုက်ပျိုးနိုင်ကြောင်း၊

**သီးနှံမျိုးစုံစိုက်ပျိုးသည့်စနစ်**

- သီးနှံမျိုးစုံစိုက်ပျိုးသည့်စနစ်တွင် တိရစ္ဆာန်စာအား အချိန်အမျိုးမျိုးတွင်ရရှိရန် စိုက်ပျိုးကြပြီး တောင်သူများသည်ကောင်းမွန်သောရေသွင်းနည်းစနစ်များဖြင့် တိရိစ္ဆာန်အစာစိမ်း သီးနှံမျိုးစုံ စိုက်ပျိုးသည့်စနစ်ကို ကျင့်သုံးနိုင်ပြီး တစ်နှစ်ပတ်လုံး တိရစ္ဆာန်အစာရရှိစေပါသည်။

ဒေါ်ကေရီဝင်း၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.tribuneindia.com/news/ludhiana/experts-share-tips-on-year-round-production-of-green-fodder

## အင်ဒိုနီးရှားအစိုးရသည် စားအုန်းဆီတင်ပို့ခြင်းကို ကန့်သတ်ရန် အစီအစဉ်ရေးဆွဲနေခြင်း

- အင်ဒိုနီးရှားနိုင်ငံ အကြီးဆုံးစားအုန်းဆီ အသင်းအဖွဲ့၏တာဝန်ရှိသူတစ်ဦးမှ အစိုးရမှ ပြည်တွင်း စားသုံးဆီဈေးနှုန်းကို ထိန်းညှိရန်အတွက် စားအုန်းဆီတင်ပို့မှုကို ကန့်သတ်ရန် လတ်တလောအစီအစဉ်ရေးဆွဲနေပြီဖြစ်ကြောင်း ပြောကြားခဲ့ပြီး ကုန်သွယ်ရေးဝန်ကြီးဌာနမှ ငြင်းဆိုခဲ့ပါကြောင်း၊
- စားအုန်းဆီတင်ပို့မှုကို အများဆုံး (၂၀)ရာခိုင်နှုန်းထိ ကန့်သတ်ရန် လုပ်ဆောင်နေပြီဖြစ်ကြောင်း၊ ကုန်သွယ်ရေးဝန်ကြီးဌာနမှ ပို့ကုန်ကန့်သတ်ရေး အစီအစဉ်နှင့် စည်းမျဉ်းစည်းကမ်းများရေးဆွဲနေပြီဟု GAPKI ၏ ဒုတိယဥက္ကဌမှ ပြောကြားခဲ့ပါကြောင်း၊
- ကမ္ဘာ့စားအုန်းဆီဈေးနှုန်း မြင့်တက်လာသည်နှင့်အညီ တစ်နှစ်ထက်တစ်နှစ် (၄၀)ရာခိုင်နှုန်းခန့် မြင့်တက်လာသော ပြည်တွင်းဟင်းချက်ဆီ ဈေးနှုန်းမြင့်တက်မှုကိုတားဆီးရန် ကမ္ဘာ့ထိပ်တန်း စားအုန်းဆီထုတ်လုပ်သူနှင့် တင်ပို့ရောင်းချသူများမှ ကြိုးပမ်းလျက်ရှိပါကြောင်း၊
- အဓိကဝယ်လက်များဖြစ်သော အိန္ဒိယနှင့် တရုတ်တို့မှစားအုန်းဆီဝယ်လိုအား ပြန်လည်ဦးမော့လာချိန်တွင် အင်ဒိုနီးရှားနှင့်ပြိုင်ဘက် မလေးရှားနိုင်ငံတို့တွင် စားအုန်းဆီထုတ်လုပ်မှုလျော့နည်းလာသောကြောင့် ကမ္ဘာ့စားအုန်းဆီဈေးနှုန်းများ စံချိန်တင်ခဲ့ပါကြောင်း၊
- အင်္ဂါနေ့တွင်ထုတ်ပြန်ခဲ့သည့် စည်းမျဉ်းများအရ ပို့ကုန်လုပ်ငန်းရှင်များသည် စားအုန်းဆီကြမ်း၊ ဟင်းချက်ဆီနှင့် သန့်စင်ပြီးအရောင်ချွတ်ထားသော အနံ့ဆိုးထွက်သည့်စားအုန်းဆီ (RBD palm olein) တင်ပို့မှုအတွက် ဇန်နဝါရီ(၂၄)ရက်မှစ၍ တင်ပို့ရောင်းချရန်အတွက် ခွင့်ပြုချက်ရယူရန် လိုအပ်ပြီး ၎င်းစည်းမျဉ်းသည် (၆)လအတွင်းအကျုံးဝင်မည်ဖြစ်ကြောင်း၊
- အင်ဒိုနီးရှားနိုင်ငံ၏ မူဝါဒကိုတုံ့ပြန်ပြီး မလေးရှားနိုင်ငံရှိ စားအုန်းဆီဈေးနှုန်းများသည် အစောပိုင်းကုန်သွယ်မှုတွင်(၃.၂%)မြင့်တက်လာခဲ့ကြောင်း၊
- ပို့ကုန်ပါမစ်များလုံခြုံစေရန်အတွက် စားအုန်းဆီကုမ္ပဏီများသည် ၎င်းတို့၏ အရောင်းစာချုပ်အထောက်အထားများအပြင် ပို့ကုန်နှင့်ပြည်တွင်းဖြန့်ဖြူးမှုအတွက် ၎င်းတို့၏ (၆)လစီမံကိန်းများကို ပူးတွဲတင်ပြရမည် ဖြစ်ပါကြောင်း၊
- လွှတ်တော်အစည်းအဝေးတွင် တင်ပြခဲ့သည့် GAPKI အချက်အလက်အရ စားအုန်းဆီကြမ်း ထုတ်လုပ်မှုသည် ၂၀၂၀ခုနှစ်တွင် တန်ချိန်(၄၇)သန်းထွက်ရှိထားပြီး ၂၀၂၁ ခုနှစ်တွင် တန်ချိန် (၄၆.၈၉)သန်း ထွက်ရှိမည်ဟု ခန့်မှန်းထားသောကြောင့် အပြောင်းအလဲများစွာမရှိကြောင်း၊
- ယခင်နှစ် ပြည်တွင်းစားအုန်းဆီစားသုံးမှုတန်ချိန် (၈.၉၅)သန်းရှိမည်ဟု ခန့်မှန်းထားကြောင်း၊ တစ်ချိန်တည်းမှာပင် အစိုးရမှ အိမ်ထောင်စုစားသုံးရန်နှင့် အသေးစားလုပ်ငန်းရှင်များအတွက် ဟင်းချက်ဆီ တစ်လီတာလျှင် (၁၄၀၀၀)ရူပီး (ဒေါ်လာ ၀.၉၇၄၆) နှုန်း လက်ရှိလက်လီဈေးထက် သုံးပုံတစ်ပုံခန့် နိမ့်ကျသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးလျက် ရှိပါကြောင်း၊
- အစိုးရမှ တစ်လလျှင် ဟင်းချက်ဆီ လီတာသန်း (၂၅၀)အတွက် ထောက်ပံ့ငွေ ရူပီး(၇.၆)ထရီလီယံ ထောက်ပံ့ပေးခြင်းဖြင့် ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း (၁၉.၁.၂၀၂၂)တွင်ထုတ်ပြန်ခဲ့သော Ruters ကွန်ယက်၏ သတင်းဆောင်းပါးအရ သိရှိရပါသည်။

ဒေါ်စိုးစန္ဒာအောင်၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.reuters.com/article/indonesia-palmoil/update-1-indonesia-government-drafting-plan-to-limit-palm-oil-exports

## တရုတ်နိုင်ငံသည်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်(RCEP)ဖြင့် Orahလိမ္မော်သီး ကီလိုဂရမ်(၁.၅)သန်းကို ဒူဘိုင်းသို့ တင်ပို့မည်ဖြစ်ကြောင်း

- ဒူဘိုင်းသို့ ပထမဆုံးအကြိမ် Orah လိမ္မော်သီး တင်ပို့မှုနှင့် မလေးရှားသို့ ပင်လယ်ရေကြောင်းလမ်းဖြင့် တင်ပို့မှုအခမ်းအနားကိုဇန်နဝါရီလ(၁၀)ရက်နေ့တွင် တရုတ်နိုင်ငံ Guangxi မြို့ရှိ QifengJuzhou Ecological Agriculture Co., Ltd.,၏ ဥယျာဉ်အခြေစိုက်စခန်း၌ ကျင်းပခဲ့ကြောင်း၊
- ကူးစက်ရောဂါထိန်းချုပ်ကန့်သတ်ခြင်းကို ဖြတ်ကျော်ပြီးနောက် Orah လိမ္မော်သီး ကီလိုဂရမ် (၁.၅)သန်းကို တင်ပို့သွားမည်ဖြစ်ကြောင်း၊ Orahလိမ္မော်သီးသည် ပါးလွှာသောအခွံနှင့် နူးညံ့သောအသား၊ အရည်ရွှမ်းပြီး ချိုသောအရသာ၊ ရှည်လျားသော အသီးသီးမှုကာလ၊ သိုလှောင်မှုနှင့် သယ်ယူပို့ဆောင်ရေးဒဏ် ခံနိုင်ရည်ရှိခြင်းစသည့် ထင်ရှားသောအားသာချက်များရှိကြောင်း၊
- စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (RCEP)အသက်ဝင်လာပြီးနောက် အကောက်ခွန် လျှော့ချရေး၊ အကောက်ခွန်လုပ်ထုံး လုပ်နည်းများကို ရိုးရှင်းလွယ်ကူစေခြင်းနှင့် ကုန်သွယ်ဝန်ဆောင်မှုဖွင့်ပေးခြင်း စသည့်အစီအမံများသည် ကုန်ပစ္စည်းများတင်သွင်းမှုနှင့် တင်ပို့မှုအချိန်များနှင့်ကုန်ကျစရိတ်များစွာကို လျှော့ချပေးခဲ့ပြီး တစ်ချိန်တည်းမှာပင် တန်ဖိုးကြီးကုန်အမှတ်တံဆိပ်များကို ခိုင်မာအောင်ပြုလုပ်ရာတွင် အထောက်အကူဖြစ်စေသော နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်များ တစ်သားတည်းဖြစ်စေရေးကို မြှင့်တင်ခဲ့ကြောင်း သိရှိရပါကြောင်း၊
- Guangxi မြို့သည် အာဆီယံနိုင်ငံများနှင့် ကပ်လျက်တည်ရှိခြင်းသည် ပထဝီမြေအနေအထားအရ အားသာချက်ဖြစ်ပြီး အရည်အသွေးမြင့်စိုက်ပျိုးမှုနှင့် စိုက်ပျိုးရေးဆိုင်ရာထုတ်ကုန်များ တင်ပို့နိုင်မှုသည် လူသိများထင်ရှားသည့်အချက် ဖြစ်ပါကြောင်း၊
- RCEPစာချုပ်အသက်ဝင်ပြီးနောက် Orah လိမ္မော်သီးကို ပြည်ပနှင့် ကမ္ဘာတစ်ဝှမ်းသို့တင်ပို့မည်ဖြစ်ပြီး Orah လိမ္မော်သီးစိုက်ပျိုးမှုနည်းပညာများကို မြှင့်တင်ခြင်း၊ ဖလှယ်ခြင်းများ ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊
- QifengJuzhou Ecological Agriculture Co., Ltd. သည် ယခင်နှစ်တွင် Orah လိမ္မော်သီး ကီလိုဂရမ် (၂.၅)သန်း တင်ပို့ခဲ့ပါကြောင်း၊ Orah လိမ္မော်သီး ကီလိုဂရမ်(၅)သန်းကို မလေးရှား၊ ထိုင်း၊ မြန်မာ၊ ဒူဘိုင်းနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများသို့ တင်ပို့ရန်အတွက် မကြာသေးမီက သဘောတူလက်မှတ်ကို အောင်မြင်စွာရေးထိုးနိုင်ခဲ့ကြောင်း၊
- RCEP စာချုပ်ရေးထိုးခြင်းအားဖြင့် Orah လိမ္မော်သီး တင်ပို့ရန် ကြီးမားသောအကျိုးကျေးဇူးရရှိပြီး တင်ပို့မှုပမာဏမှာ သိသိသာသာတိုးတက်လိမ့်မည်ဟု မျှော်မှန်းထားကြောင်း (၁၂.၁.၂၀၂၂)ရက်တွင် ထုတ်ပြန်ခဲ့သော Fresh Plaza ကွန်ယက်၏ သတင်းစောင်းပါးအရ သိရှိရပါသည်။

ဒေါ်မြတ်ဖူးငုံဦး၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.freshplaza.com/article/9389533/china-1-5-million-kilograms-of-orah-mandarins-will-be-exported-to-dubai-by-rcep/

## အိန္ဒိယနိုင်ငံတွင် ဓာတ်မြေဩဇာပြတ်လပ်နေသော်လည်း တိရိစ္ဆာန်အစာအား အခက်အခဲမရှိစိုက်ပျိုးသည့်တောင်သူများ

- အိန္ဒိယနိုင်ငံSindhပြည်နယ်တစ်ဝှမ်းလုံးရှိ တောင်သူများသည် ၎င်းတို့၏ သီးနှံများ အဓိကအားဖြင့် ဂျုံ၊ မုန်ညင်းနှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးရန်အတွက် ဓာတ်မြေဩဇာရရှိရန် ကြိုးပမ်းနေကြရပြီး Berseem နှင့် AlfaAlfa တို့ကဲ့သို့ သာမာန်မြက်များ စိုက်ပျိုးသူများသည်သီးနှံများကြီးထွားရန်အတွက် ဓာတ်မြေဩဇာ မလိုအပ်သောကြောင့် သီးနှံထုတ်လုပ်မှုအတွက် စိတ်ချလုံလောက်မှုရှိနေကြောင်း၊

- အသေးစားမွေးမြူရေးတောင်သူများသည် ၎င်းတို့၏ တိရစ္ဆာန်များအတွက်အာဟာရပြည့်ဝသော အဆိုပါမြက်များကို ဝယ်ယူလိုကြသောကြောင့် နယ်ပယ်အသီးသီးရှိ တောင်သူများသည် အဆိုပါမြက်ကို အများအပြားစိုက်ပျိုးရန် စိတ်အားထက်သန်ကြကြောင်း၊
- တောင်သူများ၏အဆိုအရ လက်ရှိ Berseem သီးနှံ ပေါက်ဈေးမှာ တစ်ဧကလျှင် ရူပီး (၈၀,၀၀၀)မှ (၁၀၀,၀၀၀) ရှိပါကြောင်း၊ ဆောင်းရာသီတိရိစ္ဆာန်စာ သီးနှံကို စက်တင်ဘာလနှောင်းပိုင်း၊ အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် ဂျုံနှင့် မုန်ညင်းများနှင့်အတူ စိုက်ပျိုးလေ့ရှိပါကြောင်း၊ ၎င်းသည်လျင်မြန်စွာကြီးထွားသည့်သီးနှံဖြစ်ပြီးစိုက်ပျိုးပြီးရက်(၆၀)တွင် ဈေးကွက်သို့ ရောက်ရှိပြီး အများစုမှာ ဒီဇင်ဘာလလယ်တွင် စတင်ရောင်းချကာ မတ်လမှ ဧပြီလအထိ ဆက်လက်ရရှိကြောင်း၊
- တောင်သူများသည် Berseem တိရိစ္ဆာန်စာသီးနှံကို (၅-၆)ကြိမ်ခန့် ရိတ်သိမ်းကြပြီးတိရစ္ဆာန်အတွက်သာမက ဈေးကွက်သို့လည်း ရောင်းချကြောင်း၊ နာမည်ကျော် Hatri ဧရိယာရှိ gulab နှင်းဆီအပါအဝင် ပန်းမျိုးစုံကို အဓိကထုတ်လုပ် သည့် Hyderabad ပြည်နယ်တွင် Berseem ကို gulab နှင်းဆီဥယျာဉ်များတွင် ရောနှောစိုက်ပျိုးကြကြောင်း၊
- ပန်းစိုက်ပျိုးထုတ်လုပ်သူ MajeedMallah မှ ဤအစိမ်းရောင်မြက်၏ အရေးပါမှုကို မျှဝေရာတွင် Berseem သည် ၎င်း၏အာဟာရဓာတ်များမှတစ်ဆင့် ပန်းပင်များကို အကျိုးပြုပြီး မြေဆီသြဇာထိန်းသိမ်းပေးပါကြောင်း၊
- တောင်သူများသည် ၎င်းတို့ကိုယ်ပိုင် မျိုးစေ့များကို သမရိုးကျထိန်းသိမ်းထားသော်လည်း ပြည်တွင်းဈေးကွက်တွင် တစ်ကီလိုလျှင် ရူပီး(၂၅၀-၃၀၀)ဖြင့် အလွယ်တကူရရှိနိုင်ပြီး အစေ့သည် အခြားတိရစ္ဆာန်စာမြက်များနှင့် ယှဉ်လျှင် ဈေးသက်သာကြောင်း၊
- Berseem တိရိစ္ဆာန်စာသီးနှံအနီးနားရှိ အခြားသီးနှံများအားလုံး အထွက်နှုန်း မြင့်မားနိုင်ကြောင်း၊ နို့ထွက်တိရစ္ဆာန်များအတွက် အလွန်အာဟာရပြည့်ဝပြီး ၎င်းတို့ထုတ်လုပ်မှုကို မြှင့်တင်ပေးကြောင်း၊ Berseemကို ပြည်နယ်အနှံ့ စိုက်ပျိုးကြကြောင်း၊ မွေးမြူရေးသမားအများစုသည် ခုတ်ထစ်ထားသော Berseem မြက်စိမ်းများနှင့် ကောက် ရိုးများကိုရောနှော၍ တိရစ္ဆာန်များကိုကျွေးပြီး ၎င်းတို့၏ ထုတ်လုပ်မှုကို မြှင့်တင်ကြကြောင်း၊
- တိရိစ္ဆာန်စွန့်ပစ်ပစ္စည်းများကို အဆိုပါသီးနှံများ စိုက်ပျိုးရာတွင်အသုံးပြုခဲ့ကြောင်း၊ ယူရီးယားနှင့် အခြားဓါတ်မြေသြဇာများကို မြက်များစိုက်ပျိုးရာတွင် အသုံးမပြုကြောင်း၊ ဤမြက်များသည် မြေဆီလွှာကို အကျိုးပြုသည့် သဘာဝလက္ခဏာများကြောင့် ဓာတ်မြေသြဇာမလိုအပ်ကြောင်း၊
- Berseem သည် အခြားသောသီးနှံများ ရှင်သန်ကြီးထွားနိုင်ခြင်း မရှိသောဆားငန်မြေပေါ်တွင်လည်း ပေါက်နိုင်သောကြောင့်ကမ်းရိုးတန်းတစ်လျှောက်ရှိ တောင်သူများမှလည်း နှစ်သက်ကြကြောင်း၊ ဤသီးနှံသည် ဆားငန်မြေကိုပြန်လည်ကောင်းမွန်စေပြီး မြေဆီလွှာအာဟာရဓါတ်ကို မြှင့်တင်ပေးနိုင်စွမ်းရှိကြောင်း၊
- အစာတန်ဖိုးနှင့် စိုက်ပျိုးရာသီချိန်တူညီသောကြောင့် Lusan(Alfalfa) နှင့် Berseem သည် ဆင်တူသည်ဟု အချို့က ထင်မြင်ကြသော်လည်း တောင်သူများကမူ Berseem သည် လျင်မြန်စွာကြီးထွားပြီး မြေဆီလွှာအတွက် ပိုမိုအကျိုးရှိသည်ဟု ယူဆကြပြီး Berseemကို သစ်ရွက်စိမ်းမြေသြဇာသီးနှံအဖြစ်လည်း အသုံးပြုနိုင်ကြောင်း၊
- Lusan(Alfalfa)မြက်ပင်ကို ကြိုက်သော မြင်း၊ မြည်း နှင့် လား အရေအတွက်နည်းလာသောအခါတွင် ၎င်းမြက်ပင် စိုက်ပျိုးမှုသည်လည်း သိသာစွာကျဆင်းလာကြောင်း၊
- ယခုနှစ်တွင် ယူရီးယားပြတ်လပ်မှုသည် ပြည်နယ်၏ ထိပ်တန်းတောင်သူများအကြား မရေရာမှုများစွာကို ဖြစ်စေခဲ့ကြောင်း၊ Sindh Abadgar Board (SAB)အဖွဲ့မှ ယနေ့ခေတ်ဓာတ်မြေသြဇာရောင်းချသည့်နည်းလမ်းများသည် အနာဂတ်တွင် စားနပ်ရိက္ခာဖူလုံရေး စိန်ခေါ်မှုများ ဖြစ်ပေါ်လာနိုင်သည်ဟု သတိပေးထားကြောင်း၊
- ယူရီးယားပြတ်လပ်မှုမရှိဟုဆိုသော်လည်း ဓာတ်မြေသြဇာတစ်အိတ်လျှင် သတ်မှတ်ဈေး ရူပီး(၁၇၆၀) အစား ရူပီး(၂၈၀၀)မှ (၃၀၀၀)ထိရောင်းချနေကြကြောင်း၊ DAP ၏ဈေးနှုန်းသည် တစ်အိတ်လျှင်ရူပီး(၅,၀၀၀)မှ (၈၃၀၀) အထိမြင့်တက်သွားပြီး စိုက်ပျိုးသူများအတွက် ရူပီး (၉၀၀၀)နှင့်အထက်ပေါက်ဈေးရှိပါကြောင်း (၆.၁.၂၀၂၂) တွင် ထုတ်ပြန်ခဲ့သော The News International ကွန်ယက်၏ သတင်းဆောင်းပါးအရသိရှိရပါသည်။

**ဒေါ်ဇေရီဝင်း၊ စိုက်ပျိုးရေးဦးစီးဌာန**

Source: https://www.thenews.com.pk/print/922783-fodder-farmers-secure-in-spite-of-fertiliser-shortage

## ပိုလန်နိုင်ငံမှ မုန်ညင်းဖြူထုပ်ဝယ်လိုအား မြင့်တက်နေခြင်း

- ပိုလန်နိုင်ငံမှ မုန်ညင်းဖြူထုပ်များရောင်းချမှုသည် ယခင်နှစ်ထက် ပိုမိုများပြားလာကြောင်း၊ ရာသီတစ်ခုလုံးတွင် စံချိန်ပြုထားသော်လည်း ယခင်ရာသီထက် ဈေးနှုန်းများ ပိုမိုမြင့်မားနေပြီး ဆက်လက်မြင့်တက်မည်ဟု မျှော်မှန်းထားကြောင်း၊
- ပိုလန်နိုင်ငံမှ မုန်ညင်းဖြူထုပ်ရာသီသည် ဆက်လက်လည်ပတ်နေပြီး ယခုရာသီတွင် ရောင်းချမှုများသည် ပြီးခဲ့သည့်နှစ်ရာသီထက် ပိုမိုကောင်းမွန်လာသည်ဟု ပိုလန်ဟင်းသီးဟင်းရွက် တင်ပို့ရောင်းချသည့် Green Best ၏ အရောင်းမန်နေဂျာ KorneliaLewandowska ၏ ပြောကြားချက်အရ သိရှိရပါကြောင်း၊
- ထုတ်ကုန်ဝယ်လိုအားသည် မြင့်မားလျက်ရှိပြီး ပိုလန်တောင်သူများသည် ပို့ကုန်တင်ပို့ရန်အတွက် လုံလောက်သောကုန်ပစ္စည်းများထက် ပိုမိုများပြားစွာ ထုတ်လုပ်နိုင်ခဲ့ပါကြောင်း၊ ယခုနှစ်မုန်ညင်းဖြူထုပ်ရောင်းချမှုသည် ယခင်နှစ်ထက် ပိုမိုကောင်းမွန်ပါကြောင်း၊
- မုန်ညင်းဖြူထုပ်ဈေးနှုန်းများသည် ယခင်နှစ်ထက် သိသိသာသာမြင့်တက်လာပြီး ဆက်လက်မြင့်တက်မည် ဖြစ်ကြောင်း (၁၈-၁-၂၀၂၂)ရက်နေ့တွင် ထုတ်ပြန်ခဲ့သော Reshplaza.com ၏ သတင်းအချက်အလက်များအရ သိရှိရပါသည်။

**ဒေါ်နွေးနွေးအောင်၊ စိုက်ပျိုးရေးဦးစီးဌာန**

Source: https://www.freshplaza.com/article/9391419/demand-for-chinese–cabbages -is-at-a-high-point/

# ပြည်တွင်းသတင်းများ

## တရုတ်နိုင်ငံမှဝယ်လိုအားကြောင့် မြန်မာ့ငရုတ်သီး ခြောက်တစ်ပိဿာလျှင် ကျပ်(၈,၀၀၀)အထိ ဈေးရရှိလာခြင်း

- ✓ တရုတ်နိုင်ငံဘက်မှ ဝယ်လိုအားကောင်းလာမှုကြောင့် ငရုတ်သီးခြောက်တစ်ပိဿာလျှင် (၂၀.၁.၂၀၂၂)ရက် နေ့အထိ ငွေကျပ်(၈,၀၀၀)အထိ ရရှိလာကြောင်း၊ ၎င်းပေါက်ဈေးသည် ရန်ကုန်မှ လက်ရှိပေါက်ဈေး ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံမှ ငရုတ်သီးများကိုဝယ်ယူရန် အမှာစာ တင်သွင်းထားကြောင်း မြန်မာနိုင်ငံ ငရုတ်သီးဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ဥမ္မာကျော်၏ ပြောကြားချက်အရ သိရှိရပါကြောင်း၊
- ✓ လက်ရှိတွင် ငရုတ်သီးအစိုများကို မကွေး၊ ဧရာဝတီနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင်ရိတ်သိမ်းနေပြီး ဈေးနှုန်းသည်တစ်ပိဿာလျှင်ကျပ်(၂,၀၀၀)အထိ ကျဆင်းလျက်ရှိပါကြောင်း၊ ငရုတ်သီးအစိုများကို အခြောက်ခံပြီး သိုလှောင်ထားလျှင် စိုက်ပျိုးသူများအနေဖြင့် အမြတ်အစွန်းများစွာရနိုင်ပါကြောင်း ဒေါ်ဥမ္မာကျော်မှ သူမ၏အမြင်ကိုမျှဝေခဲ့ကြောင်း၊
- ✓ ယခင်နှစ်တွင် ငရုတ်သီးအစိုတစ်ပိဿာလျှင် ကျပ် (၄,၀၀၀)အထိရှိခဲ့ကြောင်း၊ ယခုနှစ်တွင် ရာသီဥတုဖောက်ပြန်မှုကြောင့် အထွက်နှုန်းလျော့ကျခြင်းနှင့်အတူ စိုက်ဧကအရေအတွက်သည်လည်း သိသိသာသာ လျော့ကျခဲ့ပါကြောင်း၊
- ✓ မြန်မာ့ငရုတ်သီးများကို ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံသို့ အဓိကတင်ပို့ကြောင်း၊ မည်သို့ပင်ဆိုစေကာမူ မြန်မာ-တရုတ်နှစ်နိုင်ငံနယ်စပ်ရှိ မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းကို ဇူလိုင်လ(၈)ရက်မှစတင်၍ ပိတ်လိုက်ခြင်းကြောင့် မြန်မာနိုင်ငံမှ ငရုတ်သီးစိမ်းတင်ပို့မှု ရပ်တန့်သွားခဲ့ပါကြောင်း၊
- ✓ အလားတူပင် တရုတ်နိုင်ငံသို့ တင်ပို့ရန်အဆိုပြုထားသည့် ကျောက်ဆည်ဒေသမှ ထွက်ရှိသော ငရုတ်သီးများကို မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ထိုင်းနိုင်ငံဘက်သို့ တင်ပို့ခဲ့ကြောင်း၊
- ✓ ငရုတ်သီးများကို ဧရာဝတီ၊ မန္တလေး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် အများအားဖြင့် စိုက်ပျိုးကြပြီး ပြည်ပသို့တင်ပို့ရန် စိုက်ပျိုးကြသည့် ငရုတ်သီးမျိုးများမှာ 692,777, 999, Karta Demon, Sunshine, Tharmoနှင့် Lucky One မျိုးတို့ဖြစ်ကြောင်း (၂၀.၁.၂၀၂၂) ရက်နေ့ တွင် ထုတ်ပြန်ခဲ့သောThe Global News Light Of Myanmar ၏ သတင်းဆောင်းပါး အရသိရှိရပါသည်။

**ဦးဖုန်းမြတ်ဝင်းမောင်မောင်၊ စိုက်ပျိုးရေးဦးစီးဌာန**

Source: https://www.gnlm.com.mm/dried-chilli-pepper-valued-at-k8000-per-viss-on-china-demand

## မြန်မာနိုင်ငံသည် ယခုကော်ဖီရာသီတွင် ကော်ဖီတန်ချိန် (၄၅၀) မှ (၅၀၀) တင်ပို့မည် ဖြစ်ကြောင်း

- ယခုကော်ဖီရာသီတွင် မြန်မာနိုင်ငံမှ ကော်ဖီတန်ချိန် (၄၅၀)(သို့)(၅၀၀)ခန့်တင်ပို့မည်ဖြစ်ကြောင်း ပြင်ဦးလွင်မြို့နယ် ကော်ဖီသုတေသနနှင့် နည်းပညာဖြန့်ဖြူးရေး ဗဟိုဌာနမှ သိရှိရပါကြောင်း၊
- လက်ရှိတွင် ကော်ဖီများမှာ အထွက်နှုန်းကောင်းနေပြီး အရည်အသွေးမြင့်ကော်ဖီများကို ဒီဇင်ဘာလနှင့် မတ်လတို့တွင် အများဆုံးရရှိပြီး ယခုနှစ် အတွင်းထွက်ရှိသည့် ကော်ဖီတန်ချိန် (၄၅၀)မှ(၅၀၀)ခန့်ကို အမေရိကား၊ နယ်သာလန်၊ ဩစတြေးလျ၊ ဂျပန်၊ ကိုရီးယား၊ ပြင်သစ်၊ ဂျာမနီ၊ ထိုင်းနှင့် တရုတ်နိုင်ငံများသို့ တင်ပို့မည် ဖြစ်ကြောင်း ပြင်ဦးလွင်မြို့နယ် ကော်ဖီသုတေသနနှင့် နည်းပညာဖြန့်ဖြူးရေးဌာန ဒုတိယညွှန်ကြားရေးမှူး၏ ပြောကြားချက်အရသိရှိရပါကြောင်း၊
- လက်ရှိတွင် အရည်အသွေးမြင့်မားသောကြောင့် ကော်ဖီကိုအပြိုင်အဆိုင်ဝယ်လိုအားများနေပါကြောင်း၊ ကော်ဖီအမျိုးအစားအမျိုးမျိုးရှိပါကြောင်း၊
- ကော်ဖီဈေးနှုန်းသည်မက်ထရစ်တစ်တန်လျှင် ကျပ်သိန်း (၄၀)မှကျပ်သိန်း (၅၀)ကြားရှိပါကြောင်း၊ နိုင်ငံတကာဈေးကွက်တွင် ကော်ဖီဈေးနှုန်းသည် ကျပ်သိန်း (၅၀) အထက်ရှိပါကြောင်း၊ ယခင်နှစ်တွင် မြန်မာနိုင်ငံသည် ပြင်ပဈေးကွက်သို့ ကော်ဖီတန်ချိန် (၄၅၀)မှ(၅၀၀)ခန့် တင်ပို့ခဲ့ပါကြောင်း၊
- ယခုနှစ်တွင် ကော်ဖီတင်ပို့မှု မရှိသေးသော်လည်း ယခင်နှစ်တွင် တင်ပို့ခဲ့သည့်ပမာဏအတိုင်း တင်ပို့ရန် စီစဉ်နေပါကြောင်း၊ ကော်ဖီသည် ဈေးကွက်အားကောင်းပြီး ပို့ကုန်ဈေးကွက်ရှိသောကြောင့် စိုက်ပျိုးလျက်ရှိပါကြောင်း၊
- မြန်မာနိုင်ငံသည် ကော်ဖီကို ပြင်ပဈေးကွက်သို့ နှစ်စဉ်တင်ပို့လျက်ရှိပါကြောင်း၊ ယခုနှစ် ကော်ဖီရာသီကုန်တွင် ကော်ဖီ၏အရည်အသွေးကို ဝယ်ယူသူများမှ လာရောက်စမ်းသပ်မည် ဖြစ်ပါကြောင်း၊ တရုတ်နှင့်ဘရာဇီးတွင် မုန်တိုင်းကြောင့် ကော်ဖီစိုက်ခင်းများ ပျက်စီးသွားပါကြောင်း၊ မြန်မာကော်ဖီဈေးနှုန်းသည် (၃)နှစ်နီးပါးခန့် အတက်အကျရှိမည်ဟု ခန့်မှန်းထားကြောင်း (၁၆.၁.၂၂) တွင် ထုတ်ပြန်ခဲ့သော The Global New Light of Myanmar ကွန်ယက်၏ သတင်းစောင်းပါးအရ သိရှိရပါသည်။

**ဒေါ်ကေရီဝင်း၊ စိုက်ပျိုးရေးဦးစီးဌာန**

Source: https://www.gnlm.com.mm/myanmar-to-export-450-500-tonnes-of-coffee-this-coffee-season/

## မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့တင်ပို့သည့် ဈေးကွက်တွင် ဖရဲသီးဈေးနှုန်းများ ထပ်မံကျဆင်းနေခြင်း

- မကြာသေးမီရက်များအတွင်း မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့တင်ပို့သည့် ဖရဲသီးများ ဈေးနှုန်းထပ်မံကျဆင်းသွားခဲ့ကြောင်းခွာညိုသစ်သီးကုမ္ပဏီမှ ဦးစိုင်းခင်မောင်မှ ပြောကြားခဲ့ပါကြောင်း၊ ယခင်ရက်များတွင် အရည်အသွေးမြင့် ဖရဲသီးတစ်ကီလိုလျှင် (၇)ယွမ်ကျော်ရှိခဲ့ကာ ယခုလက်ရှိတွင် ဈေးနှုန်းသည် တစ်ကီလိုလျှင် (၅)ယွမ်အောက် သိသိသာသာကျဆင်းသွားပါကြောင်း၊
- ထို့အပြင်တရုတ်သို့တင်ပို့သည့်လမ်းခရီးတွင် ကြန့်ကြာမှုများကြောင့် သစ်သီးအရည်အသွေးကျဆင်း သွားမှုသည် သယ်ယူပို့ဆောင်စရိတ်ကိုပင် မကာမိကြောင်း၊ ဇန်နဝါရီလ(၈)ရက်တွင် ဈေးကျဆင်းပြီး အနိမ့်ဘက်မှာ ဆက်လက်ရှိနေပါကြောင်း၊ပစ္စည်းအရည်အသွေးညံ့လျှင် ဈေးနှုန်းလည်းကျဆင်းသွားပါကြောင်း၊
- တရုတ်ကုန်သည်များသည် ဖရဲသီးကိုကီလိုဂရမ်ဈေးနှင့် သတ်မှတ်မည့်အစား ကုန်တင်ကားနှုန်းနှင့် အပြတ်ဝယ်ယူလာကြပါကြောင်း၊ ဖရဲသီးများအကျဈေးဘက်တွင် ဆက်ရှိနေပါက သယ်ယူပို့ဆောင်စရိတ်နှင့် အခြားအထွေထွေကုန်ကျစရိတ်များသည် ကုန်သည်များအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေနိုင်ပါကြောင်း၊ ထို့ကြောင့် အရည်အသွေးနိမ့်ဖရဲသီးများကို ဈေးကွက်ထဲသို့မပို့ရန် စိုက်ပျိုးသူများကို အကြံပြုလိုပါကြောင်း၊
- စိုက်ပျိုးသူများအနေဖြင့် ဖရဲသီးများကိုဈေးကွက်ထဲသို့ မပို့မီဝယ်လိုအားနှင့် ရောင်းလိုအား ကိုက်ညီမှုရှိ/မရှိ တန်းစီစောင်းဆိုင်းမှုနှင့် ဈေးနှုန်းတို့ကို ထည့်သွင်းစဉ်းစားရန် အလွန်အရေးကြီးပါကြောင်း၊ ထို့အပြင် သစ်သီးအရည်အသွေးကျဆင်းသွားမှုကြောင့် ဈေးကွက်အပေါ်ဖြစ်ပေါ်သော သက်ရောက်မှုများစွာရှိသည်ဟု မူဆယ်သစ်သီးစင်တာမှ ဖော်ပြထားပါကြောင်း၊
- မူဆယ်သစ်သီးစင်တာမှ စိုက်ပျိုးသူများအနေဖြင့် ဝယ်လိုအားနှင့် ကိုက်ညီသည့် တင်ပို့မှုကိုစောင့်ဆိုင်းဆောင်ရွက်ရန် ဇန်နဝါရီလ(၁၀)ရက်တွင် တောင်းဆိုခဲ့ပါကြောင်း၊ မည်သို့ပင်ဆိုစေကာမူဖရဲသီးဈေးနှုန်းသည် တစ်ကီလိုလျှင် (၅)ယွမ်မှ(၇)ယွမ်အထိ ဈေးတည်ငြိမ်နေကြောင်း ခွာညိုသစ်သီးပွဲရုံမှ ဖော်ပြခဲ့ပါကြောင်း၊
- ကုန်တင်ကားများ အချိန်အတော်ကြာနှောင့်နှေးမှုကြောင့် ဖရဲသီးအရည်အသွေးကို ထိခိုက်စေပြီး (၂၀၂၁) ခုနှစ် နှစ်ကုန်ပိုင်းကာလတွင် တရုတ်နိုင်ငံသို့သွားသော ဖရဲကား(၅)စီးတွင် တစ်စီးသာမပျက်စီးပဲ အရည်အသွေးပြည့်မီခဲ့ပါကြောင်း၊ လက်ရှိတွင် ဖရဲကားတစ်စီးသွားမည်ဆိုပါကစိုက်ခင်းမှ တရုတ်ဈေးကွက်အထိရက်ပေါင်း (၂၀)ခန့် ကြာမြင့်ပါကြောင်း၊
- COVID-19 ကန့်သတ်မှုစည်းမျဉ်းများအပြင် တရုတ်နိုင်ငံ၏ အကောက်ခွန်စည်းမျဉ်းများကြောင့်ပါ နှောင့်နှေးမှုများဆက်လက်ဖြစ်ပေါ်နေပါကြောင်း၊ ပင်လယ်ရေကြောင်းကုန်သွယ်မှုကိုပါ ဆက်လက်လုပ်ဆောင်လာခဲ့လျှင် နယ်စပ်ရှိ တရုတ်အကောက်ခွန်ဌာနသည် သွင်းကုန်ခွန်ကိုပါ တိုးမြှင့်ကောက်ခံလာနိုင်ပါကြောင်း၊
- ထို့ကြောင့်ကုန်တင်ယာဉ်များသည် အကောက်ခွန်စည်းမျဉ်းအသစ်ကိုစောင့်ဆိုင်းလျက်ရှိနေသည်ဟု ဦးစိုင်းခင်မောင်၏ ပြောကြားချက်အရသိရှိရပါကြောင်း၊ COVID-19 ကမ္ဘာ့ကပ်ရောဂါကာလအတွင်း တရုတ်နိုင်ငံ၏ ကုန်သွယ်မှု မူဝါဒအရ နယ်စပ်ကုန်သွယ်မှုမှာ လွယ်ကူ ချောမွေ့မှုဖြစ်ပေါ်လာနိုင်ဖွယ်မရှိကြောင်း သိရှိရပါကြောင်း၊
- COVID-19အတွက် တရုတ်ဘက်မှ ချမှတ်ထားသည့် စည်းမျဉ်းနှင့် ကန့်သတ်ချက်များအား ဖြေလျှော့ပေးမှသာကုန်သွယ်မှုကိုပုံမှန်ပြန်ဖြစ်စေနိုင်ပါကြောင်း၊ မြန်မာနှင့် တရုတ်နှစ်နိုင်ငံကြားရှိ နယ်စပ်ကုန်သွယ်ရေး စခန်းဖြစ်သော ကျင်စန်းကျော့ဂိတ်ကို လွန်ခဲ့သည့် ဇူလိုင်လ (၈)ရက်တွင် စတင်ပိတ်သိမ်းခဲ့ပြီး နိုဝင်ဘာလ(၂၆)ရက်နေ့မှစတင်၍ စမ်းသပ်ကာလအဖြစ် ပြန်လည်ဖွင့်လှစ်ထားကြောင်းကို (၁၁-၁-၂၀၂၂) တွင်ထုတ်ပြန်ခဲ့သော The GLOBAL NEW LIGHT OF MYANMAR ၏ သတင်းဆောင်းပါးအရသိရှိရပါသည်။

**ဦးဖုန်းမြတ်ဝင်းမောင်မောင်၊ စိုက်ပျိုးရေးဦးစီးဌာန**

Source: https://www.gnlm.com.mm/watermelon-prices-fall-again-in-chinese-market

## မြန်မာနိုင်ငံ၌ ယခုနှစ်တွင် ဂေါ်ဖီထုပ် စိုက်ပျိုးသူများ အကျိုးအမြတ်များစွာရရှိခြင်း

- ယခင်နှစ်တွင် ဂေါ်ဖီတစ်ထုပ်လျှင် မြန်မာငွေ(၆၀၀)ကျပ်သာရောင်းချခဲ့ရသော်လည်း ယခုနှစ်တွင် (၁,၅၀၀)ကျပ်ထိရောင်းချနိုင်ခဲ့ကြောင်း၊
- စစ်ကိုင်းတိုင်းဒေသကြီး၊ ဝမ်းသိုနှင့် ကောလင်းမြို့နယ်တို့ရှိကျေးရွာများမှ ဂေါ်ဖီထုပ်စိုက်ပျိုးသူများသည် ဒေါင်းမြူးချောင်းမှရေကိုအသုံးပြု၍ စိုက်ပျိုးလျက်ရှိကြပြီး ယခုနှစ်တွင် ဂေါ်ဖီစိုက်ပျိုးသူများ ဈေးကောင်းရသောကြောင့် အမြတ်အစွန်းများရရှိသဖြင့် ပျော်ရွှင်လျက်ရှိကြောင်း၊
- ယခုနှစ်တွင် ဂေါ်ဖီထုပ်စိုက်ပျိုးခြင်းသည် ပိုးသတ်ဆေးနှင့် မြေဩဇာဈေးနှုန်းများ မြင့်တက်လာသောကြောင့် ယခင်နှစ်ထက် စိုက်ပျိုးစရိတ်အရင်းအနှီး ပိုမိုများပြားပါကြောင်း၊
- မြေဩဇာ၊ ပိုးသတ်ဆေးနှင့် အလုပ်သမားငှားရမ်းခ အပါအဝင် ဂေါ်ဖီထုပ်ပင်(၂,၀၀၀)လျှင် (၇၀,၀၀၀)ကျပ်ခန့်ကုန်ကျခဲ့ပါကြောင်း၊ ယခုအချိန်တွင်ဂေါ်ဖီထုပ် (၅၀၀)အားတစ်ထုပ်လျှင် (၁,၅၀၀)ကျပ်နှုန်းဖြင့် ရောင်းချနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ အကယ်၍ ဂေါ်ဖီထုပ်ဈေးနှုန်း မကျခဲ့လျှင် စိုက်ပျိုးသူများအနေဖြင့် အမြတ်ပိုမိုရနိုင်ကြောင်း လက်ပံကြီးတောကျေးရွာမှ ဂေါ်ဖီစိုက်ပျိုးထားသော တောင်သူဦးမြင့်စိုးမှပြောကြားခဲ့ပါကြောင်း၊
- ပထမဆုံးဂေါ်ဖီစေ့များကို ပျိုးဘောင်တွင် မျိုးစေ့ချစိုက်ပျိုးကြ၍ တစ်လကြာပြီးနောက် ပျိုးပင်များကို စိုက်ခင်းသို့ပြောင်းရွှေ့စိုက်ပျိုးပြီး အပင်များဆက်လက်ရှင်သန်စေနိုင်ရန် (၃)ရက်ဆက်တိုက်ရေလောင်းပေးရကြောင်း၊
- ကျေးရွာများမှ စိုက်ပျိုးသူများသည် အခြားသီးနှံများဖြစ်သောငရုတ်၊ ကြက်သွန်နီ၊ ခရမ်းချဉ်၊ ရုံးပတီ၊ ဂေါ်ဖီထုပ်နှင့် တရုတ်ကိုက်လန်များကိုလည်း စိုက်ပျိုးကြပါကြောင်း၊
- မည်သို့ပင်ဆိုစေကာမူ တောင်သူတစ်ဦးလျှင် အများဆုံးတစ်ဧကခွဲခန့်သာ စိုက်ပျိုးထုတ်လုပ်ကြပါကြောင်း၊
- တောင်သူများသည် ဟင်းသီးဟင်းရွက်သီးနှံများကို စိုက်ပျိုးခြင်းဖြင့် နှစ်စဉ် ကောင်းမွန်စွာစီမံခန့်ခွဲနိုင်ပြီး ၎င်းသီးနှံများ ရောင်းချခြင်းမှလည်း နေ့စဉ်ဝင်ငွေရရှိလာမည်ဖြစ်ကြောင်း (၁၃.၁.၂၀၂၂)ရက်နေ့တွင် ထုတ်ပြန်ခဲ့သောThe Global New Light of Myanmar ၏ သတင်းဆောင်းပါးအရသိရှိရပါသည်။

**ဒေါ်စိုးစန္ဒာအောင်၊ စိုက်ပျိုးရေးဦးစီးဌာန**

Source: https://www.gnlm.com.mm/cabbage-growers-making-handsome-profits-this-year/#article-title

## မြန်မာ့ပဲမျိုးစုံတင်ပို့မှုအခြေအနေ

### ၂၀၂၂ ခုနှစ် ဇန်နဝါရီဒုတိယပတ်နှင့် တတိယပတ် တင်ပို့မှုနှိုင်းယှဉ်ချက်

| ပဲမျိုးစုံ | ရေတွက်ပုံ | တင်ပို့မှု | | |
|---|---|---|---|---|
| | | ဇန်နဝါရီလ ဒုတိယပတ် | ဇန်နဝါရီလ တတိယပတ် | အတိုး/ အလျှော့ |
| မတ်ပဲ | US$ | ၅.၈၀ | ၇.၉၆ | (+)၂.၁၆ |
| | ကီလို | ၇၅၂၈.၄၉ | ၁၀၉၀၂.၀၄ | (+)၃၃၇၃.၅၅ |
| ပဲတီစိမ်း | US$ | ၈.၂၄ | ၉.၃၀ | (+)၁.၀၆ |
| | ကီလို | ၁၀၇၀၁.၃၆ | ၁၁၉၁၈.၀၃ | (+)၁၂၁၆.၆၇ |
| ပဲစဉ်းငုံ | US$ | ၂.၄၀ | ၄.၈၃ | (+)၂.၄၃ |
| | ကီလို | ၃၉၂၄.၀၀ | ၇၄၇၀.၅၁ | (+)၃၅၄၆.၅၁ |
| ကုလားပဲ | US$ | ၀.၀၃ | ၀ | (-)၀.၀၃ |
| | ကီလို | ၅၀.၀၀ | ၀ | (-)၅၀.၀၀ |
| ပဲလွန်းဖြူ | US$ | ၀.၇၅ | ၀.၇၀ | (-)၀.၀၅ |
| | ကီလို | ၉၅၆.၈၃ | ၈၉၇.၄၀ | (-)၅၉.၄၃ |
| မြေထောက်ပဲ | US$ | ၀.၁၄ | ၀.၇၀ | (+)၀.၅၆ |
| | ကီလို | ၁၆၀.၅၀ | ၅၁၈.၀၀ | (+)၃၅၇.၅၀ |
| ထောပတ်ပဲ | US$ | ၀.၂၃ | ၀.၃၀ | (+)၀.၀၈ |
| | ကီလို | ၃၄၆.၀၀ | ၄၆၃.၀၀ | (+)၁၁၇.၀၀ |
| ပဲယင်း | US$ | ၆.၉၈ | ၀.၄၇ | (-)၆.၅၁ |
| | ကီလို | ၃၅၃.၁၆ | ၇၀၂.၃၅ | (+)၃၄၉.၁၉ |
| ပဲကြီး | US$ | ၀.၁၃ | ၀.၁၁ | (-)၀.၀၂ |
| | ကီလို | ၁၉၂.၅၀ | ၁၆၈.၀၀ | (-)၂၄.၅၀ |
| ပဲကတ္တီပါ (စွန်တာနီ) | US$ | ၀.၀၀ | ၀.၀၁၆ | (+)၀.၀၁၆ |
| | ကီလို | ၀.၀၀ | ၂၄.၄၅ | (+)၂၄.၄၅ |
| ပဲကတ္တီပါ (စွန်တာပြာ) | US$ | ၀.၀၀ | ၀.၀၀ | ၀.၀၀ |
| | ကီလို | ၄၅.၀၀ | ၀.၀၀ | (-)၄၅.၀၀ |
| ဘိုကိတ်ပဲ | US$ | ၀.၆၉ | ၀.၅၆ | (-)၀.၁၃ |
| | ကီလို | ၈၆၉.၅၆ | ၇၈၆.၀၀ | (-)၈၃.၅၇ |
| မြေပဲဆံ (အခွံပါ) | US$ | ၀.၄၀၄ | ၀.၃၂ | (-)၀.၀၉ |
| | ကီလို | ၅၇၇.၈၉ | ၄၇၀.၈၈ | (-)၁၀၇.၀၀၄ |
| မြေပဲဆံ | US$ | ၁.၈၅ | ၁.၆၅ | (-)၀.၂၀ |
| | ကီလို | ၂၉၃၂.၃၈ | ၁၆၆၇.၀၀၅ | (-)၁၂၆၅.၃၈ |
| အခြားပဲ | US$ | ၀.၀၀၁ | ၀.၀၇၈ | (+)၀.၀၇၇ |
| | ကီလို | ၀.၄၂ | ၀.၇၀ | (+)၀.၂၈ |
| စုစုပေါင်း | US$ | ၂၀.၉၁၉ | ၂၆.၉၄၁ | (+)၆.၀၂၂ |
| | ကီလို | ၂၇၆၂၅.၄၂၃ | ၃၆၀၅၁.၉၇၂ | (+)၈၄၂၆.၅၄၉ |

Source: ကုန်သွယ်ရေးဦးစီးဌာန၊ MOC

### ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလဒုတိယ(၁၅)ရက်အတွင်း ဆန်ဈေးနှုန်း

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ အိတ်-၃၀ပိဿာ-တစ်တင်းခွဲ) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | မန္တလေး | မကွေး | ဧရာဝတီ |
| မနောသုခ | ၂၅၀၀၀ | ၃၀၀၀၀ | ၃၂၀၀၀ | ၃၉၀၀၀ | ၂၅၀၀၀ |
| ဆင်းသုခ | ၂၄၀၀၀ | ၃၀၀၀၀ | ၃၄၀၀၀ | ၃၉၀၀၀ | ၂၅၀၀၀ |
| ဧရာမင်း | ၃၃၀၀၀ | ၃၀၀၀၀ | ၄၂၀၀၀ | ၄၉၀၀၀ | ၂၈၀၀၀ |
| ပေါ်ဆန်း | ၆၈၀၀၀ | ၅၀၀၀၀ | ၆၀၀၀၀ | ၅၂၀၀၀ | ၃၇၀၀၀ |

### ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလဒုတိယ(၁၅)ရက်အတွင်း စားသုံးဆီဈေးနှုန်း

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ ပိဿာ) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | မန္တလေး | မကွေး | စစ်ကိုင်း |
| မြေပဲဆီ | ၈၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၇၄၀၀ |
| နှမ်းဆီ | ၇၅၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၆၄၀၀ |
| နေကြာဆီ | ၆၅၀၀ | ၇၅၀၀ | ၇၄၀၀ | ၆၅၀၀ | ၆၅၀၀ |
| စားအုန်းဆီ | ၅၃၀၀ | ၄၄၀၀ | ၄၅၀၀ | ၅၈၀၀ | ၄၅၀၀ |
| ပဲပုတ်ဆီ | - | - | ၃၅၀၀ | - | ၆၃၀၀ |

### ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလဒုတိယ(၁၅)ရက်အတွင်း စိုက်ပျိုးရေးသွင်းအားစုဈေးနှုန်းများ

#### ဓါတ်မြေသြဇာ

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ အိတ်-၅၀ကီလို) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | မန္တလေး | မကွေး | စစ်ကိုင်း |
| **ယူရီးယား** | | | | | |
| - မြင်းပျံ | ၈၅၀၀၀ | ၈၀၀၀၀ | ၇၄၀၀၀ | ၇၂၀၀၀ | ၆၉၀၀၀ |
| - ရွှေတောင် | ၇၉၀၀၀ | ၈၁၀၀၀ | ၇၅၇၀၀ | - | ၇၀၀၀၀ |
| - သြဘာ/ ကောမက် | ၈၀၀၀၀ | ၈၂၀၀၀ | ၇၄၀၀၀ | ၇၂၀၀၀ | ၇၂၀၀၀ |
| - ရွှေနဂါး | ၇၈၀၀၀ | ၈၀၀၀၀ | - | ၆၈၀၀၀ | ၇၀၀၀၀ |
| - ဝိစာရ | ၇၅၀၀၀ | ၈၉၀၀၀ | ၇၁၀၀၀ | - | ၇၂၀၀၀ |
| **တီစူပါ** | | | | | |
| - သံကွင်း | ၆၅၀၀၀ | ၈၀၀၀၀ | ၆၁၈၀၀ | ၆၀၀၀၀ | ၅၃၀၀၀ |
| - အာမို | - | ၈၀၀၀၀ | ၆၀၀၀၀ | ၆၀၀၀၀ | ၅၁၀၀၀ |
| - သြဘာ/ ကောမက် | ၇၉၃၀၀ | ၈၃၀၀၀ | ၆၃၅၀၀ | ၅၉၀၀၀ | ၅၅၀၀၀ |
| - ဝိစာရ | - | ၇၉၅၀၀ | ၆၁၅၀၀ | - | ၅၄၀၀၀ |
| **ပိုတက်ရှ်** | | | | | |
| - မာကိုတာ | ၇၁၀၀၀ | ၈၉၅၀၀ | ၆၆၅၀၀ | ၇၂၀၀၀ | ၆၅၀၀၀ |
| - ဝိစာရ | - | ၈၈၀၀၀ | ၆၄၅၀၀ | - | ၆၄၀၀၀ |
| - အာမို | ၈၃၀၀၀ | ၉၁၀၀၀ | ၇၁၃၀၀ | ၆၀၀၀၀ | ၆၂၀၀၀ |
| - သြဘာ | - | ၈၅၀၀၀ | ၆၇၅၀၀ | - | ၆၅၀၀၀ |
| **ကွန်ပေါင်း** | | | | | |
| - သြဘာ/ ကောမက် | ၇၅၀၀၀ | ၉၂၀၀၀ | ၇၆၀၀၀ | ၇၂၀၀၀ | ၆၅၀၀၀ |
| - အာမို | ၇၈၀၀၀ | ၈၉၀၀၀ | ၈၀၀၀၀ | ၆၈၅၀၀ | ၇၃၀၀၀ |
| - ဝိစာရ | ၇၅၀၀၀ | ၉၀၇၅၀ | ၇၅၀၀၀ | - | ၇၀၀၀၀ |
| - ရွှေနဂါး | - | ၇၈၀၀၀ | ၇၅၀၀၀ | - | ၇၃၀၀၀ |
| - သံကွင်း | - | ၇၈၀၀၀ | ၇၀၀၀၀ | - | ၇၅၀၀၀ |

#### စပါးမျိုးစေ့

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ တင်း-၄၆ပေါင်) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | မန္တလေး | မကွေး | စစ်ကိုင်း | ဧရာဝတီ |
| မနောသုခ | ၁၅၀၀၀ | ၁၁၃၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၁၀၀၀၀ |
| ဆင်းသုခ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၁၂၀၀၀ |
| ဧရာမင်း | ၁၈၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ | ၁၂၀၀၀ |
| ပေါ်ဆန်း | ၁၈၀၀၀ | - | - | ၁၂၅၀၀ | ၁၂၀၀၀ |

## စိုက်ပျိုးရေး ဈေးကွက်သတင်းလွှာ

(Agriculture Market Bulletin) Market Information System စိုက်ပျိုးရေးဦးစီးဌာန

ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ နေပြည်တော်

*မှာယူမည်ဆိုပါက အမည်၊ လုပ်ငန်း/အဖွဲ့အစည်း၊ ဆက်သွယ်ရန် လိပ်စာတို့နှင့် အတူ ဈေးကွက်သတင်းအချက်အလက်စနစ်ဌာနစိတ်၊ စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်သို့ ဆက်သွယ်မှာယူနိုင်ပါသည်။

ဖုန်း - ၀၆၇ ၃၄၁၀၅၃၈
Email: doamisppme@gmail.com